ကာတွန်းဗိုသံ စီစဉ်ရေးဆွဲသည်။

mgyoe.com

# မြန်မာ့ရိုးရာ

# စကားပုံများ

# ဆေးရောင်ပြယ်

၇



mgyoe.com

CARTOON BOTHAN

mgyoe.com



ရှေးလူကြီးသူမများ ဆိုမိန့်ခဲ့သော
မြန်မာ့ရိုးရာစကားပုံများ မည်ကဲ့သို့ ဖြစ်ပေါ်လာပုံနှင့်
စကားပုံ ဆောင်ပုဒ်တို့ရဲ့ အသုံးဝင်ပုံတွေကို
သားသား၊ မီးမီးတို့ သိရှိနားလည်စေရန် ရည်ရွယ်ပြီး
ပုံလေးတွေနဲ့ တင်ဆက်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အားလုံး ဆေးရောင်ခြယ်ရင်း
အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်ကြပါစေ။

ISBN9789997118851
BOT14
9 789997 118851
600.00 KS

mgyoe.com
mgyoe.com

mgyoe.com

ရှေးလူကြီးသူမများ ဆိုမိန့်ခဲ့သော
မြန်မာ့ရိုးရာစကားပုံများ မည်ကဲ့သို့ ဖြစ်ပေါ်လာပုံနှင့်
စကားပုံဆောင်ပုဒ်တို့၏ အသုံးဝင်ပုံများကို
သားသား၊ မီးမီးတို့ သိရှိနားလည်စေရန် ရည်ရွယ်ပြီး
ဦးဦးက ပုံလေးတွေနဲ့တကွ တင်ဆက်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အားလုံး ဆေးရောင်ခြယ်ရင်း
အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်ကြပါစေ...။ ။


ဦးဦးမိုသံ



ထုတ်ဝေသူ - ဦးအေးငြိမ်း စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ ရန်ကုန်
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုဓိမ်လမ်း ရန်ကင်း။
စောင်ရေ - ၅၀၀။

mgyoe.com

# ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ



ကုသိုလ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်သော်လည်း လုပ်ပုံကိုင်ပုံ မလျော်ကန်လျှင် အကုသိုလ်များစွာဖြစ်ရပုံကို ဆုံးမထားသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# ကံမရှိ ညာဏ်ရှိတိုင်းမွဲ




အဆင်မပြေနေသူအဖို့ ကြံစည်လုပ်ကိုင်တိုင်း မအောင်မမြင် ဆုံးရှုံးမှုနှင့်သာ ကြုံတွေ့ရသူကို ကံမရှိ ညာဏ်ရှိတိုင်းမွဲ ဟု ဆိုရိုးပြုကြသည်။

mgyoe.com

mgyoe.com

# ကမ္ဘာမီးလောင် သားကောင်ချနင်း



ကမ္ဘာမြေကြီး မီးလောင်သကဲ့သို့ အလွန်ပူပြင်းသောအခါ မိခင်ဖြစ်သူသည်
မိမိသက်သာရာရစေရန် သားသမီးကို မြေတွင်ချပြီး နင်းသည်ဆိုသကဲ့သို့ ကြီးမားသောဘေးနှင့်
ကြုံတွေ့ရလျှင် မိမိလွတ်မြောက်ရာကိုသာ ရှာကြကြောင်း ဖော်ပြထားသော စကားပုံဖြစ်သည်။

mgyoe.com

# ကိုယ်ကကျူး ကိုယ့်ဒူး မယုံရ




မိမိကိုယ်ကလွဲလျှင် မိမိကိုယ်ကို ထောက်တည်ထားသည့် မိမိ ဒူးကိုပင် မယုံကြည်ရသကဲ့သို့ မိမိမှတစ်ပါး အခြားမည်သူ့ကိုမှ မယုံကြည်သင့်ကြောင်း ဆုံးမထားသည့် စကားပုံ ဖြစ်သည်။

mgyoe.com

mgyoe.com

# ကိုယ်ထင် ခုတင်ရွှေနန်း




မြတ်နိုးလျှင် မိမိအသုံးပြုသော ခုတင်ကိုပင် ရွှေနန်းတော်ဟု ထင်မှတ်သကဲ့သို့ မိမိမြတ်နိုးသောအရာဖြစ်လျှင် တန်ဖိုးမရှိစေကာမူ အလွန်တန်ဖိုးထားရှိသောအရာဟု စိတ်တွင် ထင်မှတ်စေသည်ကို ဖော်ပြသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com


# ကိုယ့်မြင်း ကိုယ်စိုင်း စစ်ကိုင်းရောက်ရောက်



ကိုယ့်မြင်းနှင့် ကိုယ်စိုင်းရာတွင် စစ်ကိုင်းသို့ပင် ရောက်ရောက်၊ မည်သည့်နေရာပင် ရောက်ရောက် မမှုသကဲ့သို့ ကိုယ်လုပ်ချင်ရာကို တဇွတ်ထိုး ပြုလုပ်ခြင်းကို ရည်ညွှန်းထားသော စကားပုံဖြစ်သည်။

mgyoe.com

# ကိုယ့်ဝမ်းနာ ကိုယ်သာသိ




မိမိ၏ဝမ်းနာဝေဒနာ မည်မျှပြင်းပြသည်ကို မိမိသာလျှင် သိနိုင်သကဲ့သို့
အစက်အစဲမည်မျှရှိသည်ကို အခြားသူများထက် ကာယကံရှင် မိမိကသာ ပိုမိုသိရှိနိုင်ကြောင်း
ဆိုလိုသည့် စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# ကိုယ့်အတတ် ကိုယ်စူး



ကိုယ်ပြုစားလိုက်သော အတတ်သည် ကိုယ့်ကို ပြန်စူးတတ်သကဲ့သို့
မိမိလက်ချက်ဖြင့် မိမိပင် ပြန်လည်ဒုက္ခရောက်ရသည်ကို ဖော်ပြထားသော စကားပုံဖြစ်သည်။

mgyoe.com